# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

**September 3, 2024** Volume 82, Number 2

၃.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၇၇ ကျပ် |

**CONTACT US**

ကုန္သြယ္မႈသတင္းအခ်က္လက္ႏွင့္ သုေတသနဌာနခြဲ

ဖုန္း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ္စ ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းပြည်ပ ဝယ်လိုအားကောင်းခြင်းကြောင့် ကြက်သွန်ဈေးကောင်းနေ




ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီကို ပြည်တွင်းပြည်ပမှ ဝယ်လိုအားကောင်းနေခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း ကြက်သွန်ပွဲရုံများမှ စုံစမ်းသိရှိရသည်။

မြန်မာ့ကြက်သွန်ကို မြန်မာနိုင်ငံအရပ်ရပ်မှ အဝယ်များလာသည့်အပြင် ပြည်ပတင်ပို့သည့် ကုန်သည်များလည်း အဝယ်ရှိကြောင်း၊ အထူးသဖြင့် ထိုင်း၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တင်ပို့သည့် ကုန်သည်များအဝယ်များကြောင်း သိရသည်။

“ဒိုင်မှာတင် အမြင့်ဆုံးဈေးက ၂၁၀၀ ရှိတယ်။ အမျိုးအစားလိုက်ရှိတယ်။ ဝယ်လိုအားကောင်းတယ်။ မြဝတီဘက်ကရော၊ တာချီလိတ်ဘက်ကရော လာဝယ်ကြတယ်။ ကြက်သွန်က ထိုင်းကနေတဆင့် ဗီယက်နမ်ထိသွားတာ။ ဘင်္ဂလားဒေ့ရှ်ဘက်က တောင်လာဝယ်တယ်။ ဘယ်အပေါက်ကသွားလဲတော့ မသိဘူး။ ဒီလိုသာအဝယ်လိုက်နေရင် ဈေးကတက်ဖို့ရှိတယ်”ဟု ရွှေပြည့်အောင် ပွဲရုံမှ ပေါ်ပြူလာနယူးစ်သို့ပြောသည်။

လက်ရှိတွင် ကြက်သွန်နီသည် ဈေးကွက်ထဲသို့ အဝင်နည်းနေသော်လည်း အရောင်းအဝယ်သွက်၍ ဈေးမြင့်တက်နေခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ့ကြက်သွန်ကို ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ မလေးရှား၊ တရုတ်၊ ထိုင်းနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဝယ်ယူနေပြီး ကိုဗစ်မတိုင်ခင်ကာလတွင် တစ်နှစ်လျှင် ပျမ်းမျှ ကြက်သွန်နီ တန်ချိန် ၈ သောင်းမှ ၁ သိန်းကျော်ထိ ပြည်ပသို့ တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ မိုးကြက်သွန်စိုက်ဧက တစ်သိန်းခုနှစ်သောင်းကျော်ရှိပြီး နှစ်စဉ် တန်ချိန် တစ်သန်းခန့်ထွက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://www.popularmyanmar.com/

## မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောသည်။ ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း၊ အဆိုပါ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ရှမ်း)များကို ကုန်သည်များက ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်က ထွက်တဲ့ပဲပုပ်(ရှမ်း)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းက ထွက်ရှိတဲ့ပဲပုပ်ကို မှာယူမှုအနည်းငယ်လောက်ပဲရှိတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ စက်တင်ဘာလ ၁ ရက် ပေါက်ဈေးအရ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။ အလားတူ ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ဗမာ)မှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ကျပ် ၃၆၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးမှတ်ငါးပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးမှတ်ငါးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးနွယ်က ပြောသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးမှတ်ငါးပိဿာချိန် ၆၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်ထိ ငါးမှတ်ငါးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမှတ်ငါးများကို ပြည်တွင်းဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လပထမပတ်ကစပြီး ငါးမှတ်ငါးတွေက တင်ပို့ရောင်းချအား ကောင်းလာခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမှတ်ငါးပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမှတ်ငါးတွေ ဝယ်ယူမှုများပြားလာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ကုန်တင်ပို့မှုတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေအဆင်ပြေနေပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးနွယ်ကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမှတ်ငါးများအပါအဝင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျဆေးကြောသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် ငါးမှတ်ငါး ပိဿာချိန် ၁၀ လျှင် ကျပ် ၁၁၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၅ ခုနှစ်တွင် အပြန်အလှန်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရောက်ရှိရန် ထိုင်းနှင့်ကမ္ဘောဒီးယားကြိုးပမ်းမည်

ထိုင်းနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာန၏ အကြီးတန်းအရာရှိတစ်ဦးက ထိုင်းနှင့်ကမ္ဘောဒီးယားတို့သည် ၂၀၂၅ ခုနှစ်တွင် အပြန်အလှန်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရောက်ရှိရန် ကြိုးပမ်းသွားမည်ဟု ပြောကြား ခဲ့ကြောင်းသိရသည်။ ထိုင်းနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Noppadon Kuntamas က ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အောက်တွင် နှစ်နိုင်ငံလုံးသည် ကုန်သွယ်မှုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံ ခေါင်းဆောင်များက လုပ်ပိုင်ခွင့်ပေးထားသည့် အကောင်အထည်ဖော်ရန် ကျန်ရှိနေသော လုပ်ငန်းတာဝန်များကို ပြန်လည်ဆန်းစစ်ရန် သဘောတူညီခဲ့ကြကြောင်း ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉ ဘီလီယံ ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂၀ ဒသမ ၅၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား၏ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့သည့် ပို့ကုန်များတွင် ရွှေ၊ ဟင်းသီးဟင်းရွက်၊ အလူမီနီယံအပိုင်းအစ၊ ဝိုင်ယာကြိုးများ၊ ကေဘယ်ကြိုးများနှင့် ကြေးနီအပိုင်းအစတို့ပါဝင်ကြောင်းသိရသည်။ ထိုင်းနိုင်ငံထံမှ ပြန်လည်တင်သွင်းသည်မှာ မွမ်းမံထားသောထုတ်ကုန်များ၊ လောင်စာဆီ၊ သကြားဖြူနှင့်အချိုယမကာများဖြစ်ကြောင်း သိရသည်။

**Source:** https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံသို့ လယ်ယာသုံးစက်ပစ္စည်းများတင်ပို့ရန် တောင်ကိုရီးယားကြိုးပမ်းမည်

တောင်ကိုရီးယားနိုင်ငံ၊ စိုက်ပျိုးမွေးမြူရေး၊ အစားအသောက်နှင့်ကျေးလက်ရေးရာဝန်ကြီးဌာန(MAFRA)သည် ကိုရီးယားကုမ္ပဏီ ၁၅ ခုမှ ကိုယ်စားလှယ်အဖွဲ့အား ၎င်းတို့၏လယ်ယာသုံး စက်ပစ္စည်းများ ဗီယက်နမ်နိုင်ငံသို့တင်ပို့ခွင့်ရရန်အတွက် ကြေညာမိတ်ဆက်ရန် ဩဂုတ်လ ၂၆ မှ ၃၁ ရက်အထိ ဗီယက်နမ်သို့ စေလွှတ်သွားမည်ဟုသိရသည်။ MAFRA ၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံသည် တောင်ကိုရီးယား လယ်ယာသုံးစက်ပစ္စည်းများနှင့် တပ်ဆင်ပစ္စည်းများတင်ပို့ရာ အရေးပါသောဈေးကွက်တစ်ခုအဖြစ်ပေါ်ထွက်လာပြီး ၂၀၂၃ ခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ဘီလီယံတန်ဖိုးရှိသည့် လယ်ယာသုံးစက်ပစ္စည်းများအား တောင်ကိုရီးယားထံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုအခက်အခဲများရှိသော်လည်း ခတ်မြေသြဇာနှင့် ပိုးသတ်ဆေးတင်ပို့မှုမှာ ဆက်လက်မြင့်တက်နေပြီး လွန်ခဲ့သည့်နှစ်ထက် ၃၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။ တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံမှ ကုန်ပစ္စည်းများတင်သွင်းသည့် ကုမ္ပဏီ ၃၀ ခုတို့နှင့် ပို့ကုန်ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားကြောင်းသိရသည်။

ကိုယ်စားလှယ်အဖွဲ့သည် ပစ္စည်းတစ်ခုချင်းစီအတွက် သွင်းကုန် အကောက်ခွန်လုပ်ထုံးလုပ်နည်းများပါဝင်သော ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးနှင့်ဆက်စပ်သော မူဝါဒများ၊ စည်းမျဉ်းများနှင့် လယ်ယာသုံးစက်ပစ္စည်း၏ အသိအမှတ်ပြုလက်မှတ်နှင့်ဆက်စပ်သော အသေးစိတ်အချက်အလက်များ၏ လက်ရှိအခြေအနေကိုလေ့လာရန် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ သွားရောက်လည်ပတ်မည်ဟုသိရသည်။ ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့တင်ပို့ခဲ့သည့် ထုတ်ကုန်များအတွက် မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ခြင်း အစရှိသော လုပ်ထုံးလုပ်နည်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှုပြုလုပ်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ MAFRA ၏ Agri-Food Innovation Policy Bureau ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Lee Sang-men က ပြည်ပကုန်စည်ပြပွဲများ၊ အဝယ်တော်ချိတ်ဆက်မှုနှင့် ပို့ကုန်ညှိနှိုင်းဆွေးနွေးရေး အစည်းအဝေးများအစရှိသည့် အရောင်း Channel ဖန်တီးရန် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအသင်း စေလွှတ်ခြင်းအားဖြင့် တောင်ကိုရီးယားနိုင်ငံသည် ၎င်းတို့၏ လယ်ယာသုံးစက်ပစ္စည်း ကုမ္ပဏီများအနေဖြင့် ဗီယက်နမ်ဈေးကွက်သို့ ထိုးဖောက်ရန်အတွက် အခြေခံအုတ်မြစ်ခိုင်မာပြီး တင်ပို့မှုတိုးချဲ့ရန် စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ၂၀၁၈ ခုနှစ်မှစ၍ MAFRA သည် တောင်ကိုရီးယား လယ်ယာသုံးစက်ပစ္စည်း တင်ပို့သူများ ပြည်ပဈေးကွက်တွင် တင်ပို့မှုတိုးချဲ့နိုင်ရန်အတွက် အခွင့်အလမ်းများရှာဖွေရန် နိုင်ငံများသို့ ဈေးကွက်ဖွံ့ဖြိုး

တိုးတက်ရေးအသင်းများ နှစ်စဉ်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

**Source:** https://www.doca.gov.mm

## အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တရုတ် အလူမီနီယမ်သတ္တုပြားများ စုပြုံတင်သွင်းမှုအပေါ် တန်ပြန်ကောက်ခံမည့်အခွန်ကို အဆိုပြု

တရုတ်နိုင်ငံမှ အလူမီနီယံသတ္တုပြားများ (Aluminium foil) တင်ပို့မှုများပြားလာပြီး အိန္ဒိယဈေးကွက်ဝေစု ၏ သုံးပုံတစ်ပုံနီးပါးကို ရောက်ရှိခဲ့သည့်အတွက် ယင်းစုပြုံတင်သွင်းမှုအပေါ် တန်ပြန်အခွန်စည်းကြပ်ခြင်း (Anti-dumping duty) ပြုလုပ်ရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကြံပြုထားကြောင်း သိရသည်။

ဝန်ကြီးဌာနက သောကြာနေ့နှောင်းပိုင်းတွင် အစိုးရသို့ ခွင့်ပြုချက်ရရှိရန် တင်သွင်းခဲ့သည့်အကြံပြုချက်သည် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ခြိမ်းခြောက်မှုအား ဖြေရှင်းရန်ကြိုးပမ်းမှုဖြစ်ကြောင်း ကုန်သွယ်ရေးကုစားမှု ညွှန်ကြားရေးမှူးချုပ်က အစီရင်ခံစာတွင်ဖော်ပြထားသည်။

အလူမီနီယမ်သတ္တုပြားများကို စားသောက်ကုန်ပစ္စည်းများ တာရှည်ခံရန်ထိန်းသိမ်းခြင်းနှင့်ထုပ်ပိုးပစ္စည်းအဖြစ် ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုကြပြီး ယင်းအစီရင်ခံစာအရ အထူ ၈၀ မိုက်ခရွန်အထိရှိသော အလူမီနီယံသတ္တုပါး (ကာပါစီတာ မဟုတ်သော ၅ ဒသမ ၅ မိုက်ခရွန် အောက်ရှိ အလူမီနီယမ်သတ္တုပြားမပါ) တစ်တန်လျှင် ၆၁၉ ဒေါ်လာမှ ၈၇၃ ဒေါ်လာအကြား အခွန်ကောက်ခံရန် အကြံပြုထားကြောင်း သိရသည်။

အိန္ဒိယသည် ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန်များ၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာ စောင့်ကြည့်၍ တင်သွင်း၊ တင်ပို့မှုများအား ကန့်သတ်ခြင်း၊ လိုအပ်ပါက အခွန်များတိုးမြှင့်ကောက်ခံခြင်း၊ လျှော့ချခြင်းတို့ကို ဆောင်ရွက်လေ့ ရှိသည်ကိုတွေ့ရှိရသဖြင့် မိမိနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများအတွက်လည်း ဈေးကွက်လေ့လာစောင့်ကြည့်ခြင်း၊ ဖြစ်နိုင်ပါက နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းတို့ဖြင့် ဈေးကွက်ခိုင်မာမှုရရှိရန် ကြိုးပမ်းဆောင်ရွက်ခြင်းတို့အား ပြုလုပ်ထားသင့်ပါကြောင်း တင်ပြအပ်သည်။

Source: India Trade Ministry proposes anti-dumping duty on Chinese Aluminum foil imports, The Economic Times,

စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

https://myantrade.gov.mm/

## STOCK EXCHANGE (3.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,897 (Shares) | 40,438,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 28 | 249,200 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 39 | 136,500 | 38,929,150 | 136,252 |
| MCB | 00003 | 9,200 | +200 | +2.22% | 9,200 | 9,200 | 9,200 | 50 | 460,000 | 10,400,986 | 95,689 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 13,305 | 23,759,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 5 | 14,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 3,466 | 5,900,950 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +100 | +2.17% | 4,600 | 4,700 | 4,600 | 4 | 18,500 | 10,497,598 | 49,339 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 3,000 | 9,900,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 3rd Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.35 | +0.49 | +0.12% | 411.54 | 412.88 | 411.01 | 19,897 | 40,438,150 | 8 | 777,774 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Sep. 2024

| Trading Volume | Trading Value |
|---|---|
| 19,958 (Shares) | 42,664,650 (MMK) |

## Main Board

As of 1:00 pm, 3rd Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,897 (Shares) | 40,438,150 (MMK) |

| MYANPIX | 412.35 ▲ 0.49 |
|---|---|
| Total Volume (shares) | 19,897 |
| Total Value (MMK) | 40 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,774 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 9,200 | ▲ 200 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 100 |
| MAEX | 00008 | 3,300 | ▼ 50 |